**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(ရုံးအမှတ်-၁၉)**

**အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း**

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)တွင် လစ်လပ်လျက်ရှိသော (လစာနှုန်း၊ ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) ရုံးအကူရာထူး(၂)နေရာ၊ သန့်ရှင်းရေးအကူရာထူး(၃)နေရာ၊ အစောင့်(လုံခြုံရေး)ရာထူး(၂)နေရာ၊ လုပ်သားရာထူး(၃)နေရာတို့အတွက် လျှောက်လွှာ ခေါ်ယူခြင်းဖြစ်ပါသည်-

| စဉ် | ရာထူး | ရာထူးနေရာ | အနိမ့်ဆုံးပညာအရည်အချင်း |
|---|---|---|---|
| (က) | ရုံးအကူ | ၂ | အခြေခံပညာအထက်တန်းအဆင့် |
| (ခ) | သန့်ရှင်းရေးအကူ | ၃ | အခြေခံပညာမူလတန်းအဆင့် |
| (ဂ) | အစောင့်(လုံခြုံရေး) | ၂ | အခြေခံပညာမူလတန်းအဆင့် |
| (ဃ) | လုပ်သား | ၃ | အခြေခံပညာအထက်တန်းအောင် |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ် ၊ စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်မကျော်လွန်သူဖြစ်ရမည်။ဝန်ထမ်းဖြစ်ပါကအသက်(၃၅)နှစ် မကျော်လွန်သူဖြစ်ပြီးလက်ရှိဌာန၏ ခွင့်ပြုချက်မူရင်းပါရှိရမည်။ အစောင့် နှင့် သန့်ရှင်းရေးအကူရာထူးအတွက်အသက်(၄၀)နှစ်မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ဌာနတွင်အနည်းဆုံး လုပ်သက်တစ်ဆက်တည်း(၃)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

(င) ရွေးချယ်ခန့်ထားခြင်းခံရပါက နေရာဒေသမရွေးသွားရောက် တာဝန်ထမ်း ဆောင်နိုင်ရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်း (Dismissal) ၊ ရာထူးမှ ထုတ်ပယ်ခြင်း ၊ (Removal)ခံရသူများလျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊အုပ်ချုပ်ရေးဌာနခွဲတွင်ရယူနိုင်ပြီးလျှောက်လွှာများကိုဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ ရုံးအမှတ်(၁၉)၊ နေပြည်တော် ဟု လိပ်မူ၍ ၁၂-၁၀-၂၀၂၆ ရက်နေ့ ရုံးချိန်အရောက် နောက်ဆုံးထားပေးပို့ လျှောက်ထားရပါမည်။

၄။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ(၁)စုံအား သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် အမှတ်(၁)သတ္တုတွင်းလုပ်ငန်းသို့ ပေးပို့လျှောက်ထားရမည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) လျှောက်ထားသည့်ရာထူးအတွက် သတ်မှတ်ထားသည့် ပညာအရည်အချင်းအတွက်အောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊ ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊ထောက်ခံစာမူရင်း

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊

(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်းရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း၊

(ဃ) သက်ဆိုင်ရာရဲစခန်းမှ (၁)လအတွင်း ရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊

(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊

(စ) (၁)လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ် ကာလာဓာတ်ပုံ (၃)ပုံ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)၊

(ဆ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံရှိပါက ခိုင်လုံသော အထောက်အထား မိတ္တူများ၊

(ဇ) သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ (၁)လအတွင်း ရယူထားသောကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း၊

(ဈ) အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)မိတ္တူ (မိတ္တူမှန် ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)။

၆။ ဖြေဆိုခွင့်ရရှိသူ၏ အမည်စာရင်းနှင့်ခုံအမှတ်တို့ကို အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၏ ကြော်ငြာသင်ပုန်းတွင်ကြေညာ ပေးထားမည်ဖြစ်သည်။

၇။ လျှောက်ထားသူများသည် ၁၀-၁၁-၂၀၂၆ ရက်နေ့တွင် မြန်မာစာ နှင့် အထွေထွေ ဗဟုသုတ ဘာသာရပ်မေးခွန်းတို့အား ရေးဖြေစစ်ဆေးခံရမည်ဖြစ်ပြီး ရေးဖြေ အောင်မြင်သူများကိုသာ ၂၀-၁၁-၂၀၂၆ ရက်နေ့တွင် လူတွေ့၊ နှုတ်ဖြေစစ်ဆေးမည် ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ကတ်ပြားများကို ၉-၁၁-၂၀၂၆ ရက်နေ့၌ ရုံးအမှတ်(၁၉)၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ အုပ်ချုပ်ရေးဌာနခွဲတွင် လူကိုယ်တိုင်လာရောက် ထုတ်ယူရမည် ဖြစ်ပါသည်။

၉။ စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများနှင့် သတ်မှတ်ရက် ကျော်လွန်သော လျှောက်လွှာများအား ပယ်ဖျက်မည်ဖြစ်ပါသည်။

၁၀။ ရေးဖြေစာမေးပွဲ ဖြေဆိုရာတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း) ပါရှိရမည်ဖြစ်ပါသည်၊ မပါရှိပါက စာမေးပွဲဖြေဆိုခွင့်ရမည်မဟုတ်ပါ။

၁၁။ အသေးစိတ်သိလိုပါက အမှတ်(၁)သတ္တုတွင်းလုပ်ငန်း တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၂၀၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊